# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 20, 2022 Volume 50, Number 13


၂၀.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၀၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## သွင်းကုန်အစားထိုးနိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန် ကန်စွန်းဥပေါင်ဒါ





KBZ TRADE Center

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ၊LOI MOR Co.,Ltd နှင့် MIYABO Co.,Ltd ကုမ္ပဏီ (၂)ခုတို့မှ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဂျပန်နိုင်ငံမှ BENI IMO ကန်စွန်းဥများကို တင်သွင်း၍ ကိုယ်တိုင်စိုက်ပျိုးခြင်း၊ တောင်သူများနှင့်အကျိုးတူပူးပေါင်း၍ စိုက်ပျိုးခဲ့ရာအောင်မြင်မှုရရှိခဲ့ပါတယ်။ ထို့အပြင်ကုန်ကြမ်းများကို ပြည်တွင်းဈေးကွက်သို့ တိုက်ရိုက် ရောင်းချ ခြင်းနှင့် အဆင့်မြှင့်တင်၍ ကန်စွန်းဥပေါင်ဒါမှုန့်(Sweet Potato Pounder)များကို တစ်လလျှင် (၁၀)တန်ခန့်ထုတ်လုပ်လျက်ရှိပါတယ်။

ကန်စွန်းဥမှုန့်တွင် အမျိုးအစားမှာ အဖြူရောင်၊ အဝါရောင်နှင့်ပန်းရောင်ဆိုပြီး (၃)မျိုး ရှိပါတယ်။ ကန်စွန်းဥအစိမ်းကို ကြာရှည်ခံအောင်သိုလှောင်ထိန်းသိမ်းမည်ဆိုပါက အခက်အခဲများရှိ၍ ကန်စွန်းဥအမှုန့်ပြုလုပ်၍ ထိန်းသိမ်းကြပြီး အမှုန့်ကိုလေလုံခန်းတွင် အနည်းဆုံး(၆)လ၊ အအေးခန်းတွင် (၁)နှစ် ထားနိုင်ပါတယ်။ ကန်စွန်းဥအမှုန့်ကို အချို့နိုင်ငံကြီးများတွင် ပါစတာ(Pasta)၊ ပေါင်မုန့်၊ ဒိုးနတ်မုန့်၊ hot Chocolate ၊ Ice-cream မုန့်များတွင် အနံ့၊ အရသာနှင့် အရောင်အတွက်ရောစပ်၍ အသုံးပြုလာကြသည်ကို တွေ့ရပါတယ်။

ယခုအခါ ကန်စွန်းဥများနှင့်တန်ဖိုးမြှင့်ထုတ်ကုန်ပေါင်ဒါမှုန့်များကို ပြည်တွင်း/ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။အဆိုပါကန်စွန်းဥ ပေါင်ဒါမှုန့်(Sweet Potato Pounder)များကို ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများမှ ကုန်ကြမ်းအဖြစ် ပြည်ပမှ မှာယူတင်သွင်းပြီး အသုံးပြုလျက်ရှိပါတယ်။ အဆိုပါကုမ္ပဏီများမှ ထုတ်လုပ်သည့် ကန်စွန်းဥပေါင်ဒါမှုန့်များကို သွင်းကုန်အစားထိုးအနေဖြင့် ပြည်ပမှတင်သွင်းနေသည့် ကုမ္ပဏီများထံသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချရန်အတွက် ဈေးကွက်ချိတ်ဆက်မှုများ လိုအပ်လျှက်ရှိကြောင်း သတင်းရရှိပါတယ်။

Source: www.Myantrade.gov.mm

**KBZ TRADE Center**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပခုက္ကူမြို့နယ် သီးနှံဈေးကွက်အတွင်း နှမ်းဈေးနှုန်းထပ်မံမြင့်တက်နေပြီး စမုန်နက်တစ်တင်း ကျပ် ၇၀၀၀၀ အထိ ပေါက်ဈေးရှိ



https://news-eleven.com/article/224204

ပခုက္ကူသီးနှံဈေးကွက်အတွင်း ဇန်နဝါရီလတတိယပတ်၌ နှမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာပြီး ဇန်နဝါရီ ၁၉ ရက်တွင် နှမ်းစမုန်နက်ထိပ်စ တစ်တင်း ကျပ် ၇၀၀၀၀ အထိ ပေါက်ဈေးရှိကြောင်း ပခုက္ကူကုန်စည်ဒိုင် ဈေးနှုန်းများအရ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလပထမပတ်အတွင်း နှမ်းနက်ဈေးနှုန်းများ ကျဆင်းခဲ့ရာ နှမ်းစမုန်နက် ထိပ်စတစ်တင်း ကျပ်ခြောက်သောင်း ဝန်းကျင် အထိရောက်ရှိခဲ့ပြီး ဇန်နဝါရီဒုတိယပတ်မှစတင်၍ ဈေးနှုန်းများ ပြန်လည် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နှမ်းဈေးတွေက အကုန်တက်တယ်။ ရက်အလိုက် နည်းနည်းချင်း တက်လာတာကနေ ဒီလထဲမှာ တစ်တင်း တစ်သောင်း လောက်အထိ တက်သွားတာပေါ့။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာတုန်းကဆိုရင် တစ်တင်းခြောက်သောင်းလောက်အထိ ရောက်သွားတယ်။ ထိပ်စလည်း ထိပ်စဈေးတက်သလို အရည်အသွေးလိုက် သူ့ဈေးတန်းနဲ့သူ ရောင်းကြဝယ်ကြတယ်။ အဓိကတော့ တရုတ်သမား ဝယ်တာပဲ။ အခုရက်ပိုင်း နယ်စပ်တွေပြန်ပွင့်တော့ အရောင်းအဝယ်သွက်တယ်။ ဒီဈေးက တောင်သူရော ကုန်သည်ရော အဆင်ပြေမှာပါ" ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်သူတစ်ဦးကဆိုသည်။

ပခုက္ကူကုန်စည်ဒိုင်ဈေးကွက်အတွင်း ဇန်နဝါရီ ၁၉ ရက်တွင် နှမ်းနက်စမုန်ထိပ်စ တစ်တင်း ကျပ် ၆၉၀၀၀ - ၇၀၀၀၀၊ နှမ်းနက် စမုန်ရိုးရိုးတစ်တင်း ကျပ် ၄၅၀၀၀- ၆၆၀၀၀ နှင့် နှမ်းနက်ဂွတစ်တင်း ကျပ် ၄၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ "စမုန်နက်တစ်တင်း ခုနစ်သောင်းဈေးက ပေါ်စတုန်းက ဈေးပဲ။ ဒီဈေးတန်းကတော့ တောင်သူ အဆင်ပြေပါတယ်။ ပေါ်တာလည်း ကြာပြီဆိုတော့ တောင်သူလက်ထဲမှာ နှမ်းက အများကြီးတော့ မကျန်တော့ဘူး။ တောင်သူကြီးတွေနဲ့ ဈေးကျတုန်းက မရောင်းဘဲ ဈေးအတက်စောင့်တဲ့သူလောက်ပဲ ကျန်တာ" ဟု တောင်သူ ကိုမြင့်နိုင်က ပြောကြားသည်။

ပခုက္ကူဈေးကွက်တွင် အများအပြားဝင်ရောက်နေသည့် ပဲစင်းငုံမှာ ယခုရက်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ အထက် ပေါက်ဈေးရှိပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/224204

## ကွမ်းသီးအစိုအခြောက်အရောင်းအဝယ်များ အမြဲမပြတ်ရှိနေပြီး ဈေးကွက်ပွင့်လန်းနေ



https://greenwaymyanmar.com/posts/betel_nut_market


တနင်္သာရီတိုင်းဒေသကြီး အနီးတစ်ဝိုက်အတွင်း ကွမ်းသီးအစို အခြောက် အရောင်းအဝယ်များ အမြဲမပြတ်ရှိနေပြီး ဈေးကွက် ပွင့်လန်းနေကြောင်း ကွမ်းသီးဈေးကွက် ကျွမ်းကျင်သူများက ပြောသည်။ "ကွမ်းစားသုံးမှုများတဲ့အတွက် ကွမ်းသီးဈေးကွက် ကတော့ အမြဲတမ်းရှိပါတယ်။ ကျွန်တော်တို့ ထားဝယ်မှာတင် ကွမ်းသီးအဝယ်ဒိုင်တွေရှိတယ်။ ကုန်သည်ပွဲစားတွေကလည်း ဝယ်ယူပါတယ်။ ကွမ်းသီးအနုလေးတွေကိုတော့ တရုတ်ဘက်က ဝယ်လိုအားရှိပြီး ကွမ်းသီးအခြောက် ပါကင်တွေကိုတော့ အိန္ဒိယဘက်က ဝယ်ယူလေ့ရှိပါတယ်။ တောင်သူတိုက်ရိုက် ပြည်ပဈေးကွက်ရှာပြီး ရောင်းချတာမျိုးတော့ သိပ်မရှိကြပါဘူး။ ကုန်သည်ပွဲစားတွေ ကွမ်းသီးဒိုင်တွေကတဆင့်ပဲ ရောင်းချနေကြတာပါ"ဟု တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်မှ ကွမ်းသီးပင်စိုက်ပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူ ကိုအောင်ကျော်မျိုးက ပြောသည်။

ကွမ်းသီးပင်များသည် နှစ်ရှည်သီးနှံပင် အမျိုးအစားတစ်ခုဖြစ်ပြီး စတင်စိုက်ပျိုးပြီးနောက် ၇နှစ်/၈နှစ်အကြာတွင် အသီးလှိုင်လှိုင်ထွက်ပြီး စျေးကွက်တင်ပို့ရောင်းချနိုင်ကြောင်းသိရသည်။ "ကွမ်းသီးစိုက်ပျိုးတဲ့ဒေသတွေမှာ ကွမ်းသီးအထွက်နှုန်းများနေတဲ့အချိန်နဲ့ ကွမ်းသီးဒိုင်တွေကို ကွမ်းသီးအဝင်များနေတဲ့ အချိန်အခါမျိုးတွေမှာ ကွမ်းသီးဒိုင်တွေက စျေးလျှော့ချ သတ်မှတ်တာမျိုးရှိတတ်ပါတယ်။ ကျန်တဲ့ကာလတွေမှာတော့ ကွမ်းသီးက ရောင်းလိုအားထက် ဝယ်လိုအားက ပိုများတတ်ပါတယ်။ ကွမ်းသီးအခွံခွာပြီး အတွင်းဆံ/အလုံးချော သို့မဟုတ် အခြမ်းနေလှန်းပြီးသားပါကင် တစ်ပိဿာကို ၆၀၀၀ ကျပ်ဝန်းကျင် ပေါက်စျေးရရှိနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကွမ်းသီးပင်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက မေလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသင့်ပြီး မိမိတို့စိုက်ပျိုးမည့်ဒေသအလိုက် ရေခံ၊ မြေခံနှင့် ရာသီဥတုအခြေခံတို့ကို အသေအချာလေ့လာပြီးမှသာ စတင်စိုက်ပျိုးသင့်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/betel_nut_market

## အိန္ဒိယဆန် ပြည်ပတင်ပို့ရေး ရထားမရသဖြင့် နှောင့်နှေး၊ မြန်မာဆန် အဝယ်လိုက်




https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4227-ndian-rice-traders-stop-new-export.html

| ရန်ကုန်တွင် ဆန်တင်နေသည့် သင်္ဘောများစာရင်း (၁၉-၁-၂၀၂၂) | | |
|---|---|---|
| သင်္ဘောအမည် | တန်ချိန် | ဆိပ်ခံတံတား |
| LOUS PAPPAS | 8,000 | AWPT.2 |
| ANDREY OSIPOV | 4,250 | A.I.P.T.2 |
| DELLA | 15,700 | S.P.W.1 |
| OCEAN BAO | 30,000 | S.P.W.3 |
| HINASE | 25,000 | S.P.W.4 |
| ASTERAS | 27,000 | S.P.W.5 |
| KONKA THEODOROS | 25,000 | S.P.W.7 |
| MV.MORGES | 30,800 | S.P.W.7 |

| ၂၃-၁-၂၀၂၂ ဆိုက်ရောက်ရန်ရှိ ဆန်တင်မည့် သင်္ဘောများစာရင်း | | |
|---|---|---|
| သင်္ဘောအမည် | တန်ချိန် | တင်ပို့နိုင်ငံ |
| BMC ALPHA | 7,700 | ဖိလစ်ပိုင် |
| ZIRCON | 7,200 | ဖိလစ်ပိုင် |

MyanmarIndustryGuide

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4227-ndian-rice-traders-stop-new-export.html

အိန္ဒိယဆန်ပြည်ပတင်ပို့မှု နှောင့်နှေးမှုကြောင့် နိုင်ငံတကာဆန်စျေးများ မြင့်တက်လာပါတယ်။ အိန္ဒိယမှ ဆန်ကုန်သည်များက ဆန်တွေပို့ဆောင်ဖို့ ရထားအလုံအလောက်မရတာကြောင့် ဆန်တင်ပို့မှုအသစ်များကို ယာယီရပ်ဆိုင်းထားကြရပါတယ်။ အိန္ဒိယမှ ဆန်တင်ပို့သူများအနက် သုံးပုံတစ်ပုံခန့် ရထားမရကြလို့ ဖေဖော်ဝါရီလအတွက် ဆန်အရောင်းစာချုပ်များ လက်မှတ်မရေးထိုးဘဲ ဆိုင်းငံ့ထားကြပါတယ်။ စာချုပ်ပြီးချိန်မှာ အချိန်မီတင်ပို့မပေးနိုင်ရင် ကြန့်ကြာကြေး ပေးလျော်ရမယ့်အရေးရှိနေတာကြောင့် စာချုပ်ဖို့ အချိန်ရွှေ့ဆိုင်းထားလိုက်တာဖြစ်ပါတယ်။

အကြီးမားဆုံး ဆန်တင်ပို့တဲ့နိုင်ငံဖြစ်တဲ့ အိန္ဒိယမှ ဆန်တင်ပို့နှုန်းနှေးသွားတာကြောင့် စျေးကွက်ထဲ ဆန်စျေး မြင့်တက်သွားပြီး ထိုင်း၊ မြန်မာ၊ ဗီယက်နမ်တို့မှ ဆန်များအဝယ်လိုက်လာပါတယ်။ ဘာစမာတီ မဟုတ်သောဆန်များကို အိန္ဒိယနိုင်ငံ အလယ်ပိုင်းမှ ဆိပ်ကမ်းများတည်ရှိတဲ့ အရှေ့ဘက်ကမ်းခြေသို့ ပို့ဆောင်ရန်အတွက် ရထားအလုံအလောက်မရဘူးလို့ ဆန်ကုန်သည်များက ပြောကြားပါတယ်။ ယခုလအတွင်း ဆန်တန်ချိန် ၁.၅ သန်းတင်ပို့ဖို့ အစီအစဉ်မှဆန်များ ပို့ဆောင်ရေးမှာ အခက်အခဲ ရှိနေတာ ဖြစ်ပါတယ်။

ရထားအာဏာပိုင်များက ဓာတ်မြေဩဇာပို့ဆောင်ရန်နှင့် ဓာတ်အားစက်ရုံများအတွက် ကျောက်မီးသွေးပို့ဆောင်ရေး အတွက် ကုန်တွဲများကို ဦးစားပေးသုံးစွဲနေပါတယ်။ ဓာတ်အားစက်ရုံများမှာ ကျောက်မီးသွေး လက်ကျန်နည်းပါးနေတဲ့အတွက် အလျင်စလို ပို့ဆောင်ပေးနေရတာဖြစ်ပါတယ်။

သင်္ဘောခက တစ်ရက် အမေရိကန်ဒေါ်လာ ၃၀,၀၀၀ အထိကုန်ကျပြီး အချို့ဆန်တင်ပို့သူများ ကြန့်ကြာကြေးများ demurrage charges အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ အထိ ပေးလျော်ကြရပါတယ်။ ရမယ့်အမြတ် မရတဲ့အပြင် အရှုံးပြသူတွေ ရှိနေပါတယ်။ကုန်သည်များက ဆန်စျေးကို တိုးမြှင့်လိုက်ကြပြီး ၅% ဆန်ကွဲ ပေါင်းဆန်တစ်တန် အမေရိကန်ဒေါ်လာ ၃၈၀ အထိ ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့ ၆ လ တာအတွင်း အမြင့်ဆုံးစျေးဖြစ်ပါတယ်။

ဈေးမြင့်မားခြင်း၊ တင်ပို့ရာတွင် နှောင့်နှေးခြင်းတို့ကြောင့် အချို့ဝယ်လက်များက ထိုင်းနှင့်မြန်မာတို့ထံမှ ဝယ်ယူကြတယ်လို့ အိန္ဒိယဆန်တင်ပို့သူများအသင်း India's Rice Exporters Association ဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားပါတယ်။

ထိုင်း ၅% ဆန်ကွဲပါ ဆန်ဈေးနှုန်းများ တစ်တန်အမေရိကန်ဒေါ်လာ ၄၀၄~၄၀၅ အထိ မြင့်တက်နေပါတယ်။ ယခင်က ရထားမရလျှင် ထရပ်ကားဖြင့် ဆန်သယ်ခဲ့ကြပြီး ပြီးခဲ့တဲ့ ခြောက်လအတွင်း ဒီဇယ်ဈေး အဆမတန်မြင့်တက်ခဲ့လို့ ထရပ်ကား တန်ဆာခများလည်း မြင့်တက်ခဲ့တာကြောင့် ဆန်ကိုထရပ်ကားဖြင့် သယ်ယူပါက ယခုအခါ တွက်ခြေမကိုက်တော့ပေ။ "အာရှနဲ့အာဖရိကတို့မှ ဆန်ဝယ်ယူသူတွေ ထိုင်း၊ မြန်မာ၊ ပါကစ္စတန်တို့ဆီမှာ သွားဝယ်ကြလိမ့်မယ်။ အိန္ဒိယဆန်တင်ပို့မှုက မတ်လအထိ လျော့ကျလိမ့်မယ်" လို့ ဥက္ကဋ္ဌက ပြောကြားပါတယ်။

၂၀၂၁ မှာ ကမ္ဘာ့ဆန် တင်ပို့မှုရဲ့ ထက်ဝက်နီးပါးကို အိန္ဒိယကတင်ပို့ခဲ့ပါတယ်။ ၂၀၂၀ ထက် ၄၅% ပိုများခဲ့ပြီး စံချိန်တင်တန်ချိန် ၂၁.၄ သန်း တင်ပို့ခဲ့ပါတယ်။ နောက်ထပ် ဆန်တင်ပို့မှုများပြားတဲ့ ၃ နိုင်ငံက ထိုင်း၊ ဗီယက်နမ်နှင့်ပါကစ္စတန်တို့ ဖြစ်ပါတယ်။ အိန္ဒိယဆန်ထုတ်လုပ်မှု စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ပြီး ဈေးနှုန်းများကလည်း သင့်တင့်ပါတယ်။ ဒါပေမဲ့ လောဂျစ္စတစ် အပိုင်းမှာ မနိုင်မနင်းဖြစ်နေတာကြောင့် တင်ပို့မှုမှာ အကန့်အသတ်ဖြစ်နေစေပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4227-ndian-rice-traders-stop-new-export.html

## ဒေသထွက်ငရုတ်သီးများ ဆွတ်ခူးချိန် ဈေးကောင်းရရှိ



https://www.myawady.net.mm/node/21056

ကယားပြည်နယ် ဘောလခဲခရိုင်မယ်စဲ့မြို့နယ်ရှိ တောင်ယာများ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ဒေသထွက်ငရုတ်သီးများ ဆွတ်ခူးချိန်တွင် ဈေးကောင်းရရှိသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေကြောင်း သိရသည်။

မယ်စဲ့ဒေသရှိ တောင်ယာများ၌ နှမ်းကြဲချိန်တွင် သီးညှပ်အဖြစ် ငရုတ်ကိုပါရောကြဲပြီး စိုက်ပျိုးကြကြောင်း၊ နှမ်းခုတ်ချိန် ပေါင်းလိုက်ပြီးပါက ငရုတ်အသီးအပွင့်များထွက်လာပြီး အများအားဖြင့် ဒေသထွက် ငရုတ်သည် မြေအစိုဓာတ်ဖြင့်သာကြီးထွားကာ အပင်သုံးလသား၌ အပင် သန်ဆေး၊ အသီးသန်ဆေးနှင့် ပိုးသတ်ဆေးတို့ကို ဖျန်းပေးရသည်။ ငရုတ်မျိုးအနေဖြင့် ကုလားအော်ကို အများဆုံးစိုက်ပျိုးကြပြီး စပ်သည့်အတွက် ဒေသခံပြည်သူများက ကြိုက်နှစ်သက် ကြကြောင်း၊ ငရုတ်သီးကို ဇူလိုင်လနှင့်ဩဂုတ်လတို့တွင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် စတင်ဆွတ်ခူးကြကြောင်း၊ ဒီဇင်ဘာလတွင် ငရုတ်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်ရာ ငရုတ်သီးအခြောက်တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ ရရှိပြီး ကုန်စုံဆိုင်များတွင် အညှာခြွေပြီး ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အထိ ဈေးနှုန်းရရှိကြောင်းသိရသည်။ ဒေသထွက်ငရုတ်သီးကို နမ့်မန်း၊ ဝမ်ကန်၊ မယ်စဲ့၊ ဟိုစဲ့၊ ပန်တိန်း၊ နမ့်ဟူး၊ မယ်ဆည်နမ်၊ ကျောက်စုကျေးရွာတို့၌ တစ်ပိုင်တစ်နိုင်သာမက အချို့က စီးပွားဖြစ် စိုက်ပျိုးကြသည်။

ယခုနှစ် ငရုတ်ပေါ်ချိန်တွင် ဘောလခဲ၊ ဖားဆောင်း၊ မော်ချီးတို့မှ လာရောက်ဝယ်ယူမှုများပြားသလို အိမ်နီးချင်း ထိုင်းနိုင်ငံမှလည်း လာရောက်ဝယ်ယူသည့်အတွက် ငရုတ်သီးများဈေးကောင်းရရှိပြီး ငရုတ်စိုက်တောင်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/21056

## တောင်အာဖရိကနိုင်ငံသည် ကြက်သားတင်သွင်းမှုအပေါ် တန်ပြန်စုပုံတင်သွင်းမှုအခွန် ထပ်မံကောက်ခံရန် ပြင်ဆင်နေခြင်း

တောင်အာဖရိကနိုင်ငံသည် ဘရာဇီးလ်နိုင်ငံနှင့် ဥရောပအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဒိန်းမတ်၊ အိုင်ယာလန်၊ ပိုလန်နှင့်စပိန်နိုင်ငံတို့မှတင်သွင်းသော ကြက်သားများအပေါ် စုပုံတင်သွင်းမှုအပေါ် တန်ပြန်ကောက်ခံသည့်အခွန်အား ကောက်ခံရန် ကြေညာခဲ့ကြောင်း၊

အဆိုပါနိုင်ငံများမှ ကြက်သားများစွာတင်သွင်းမှုသည် ပြည်တွင်းကြက်သားထုတ်လုပ်မှုအတွက် အဓိကခြိမ်းခြောက်မှုလည်း ဖြစ်ခဲ့သောကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

စုပုံတင်သွင်းမှုအပေါ် တန်ပြန်ကောက်ခံသည့် ယခင်ကသတ်မှတ်ကောက်ခံမှုအခွန်သည် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ပြီးဆုံးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစီမံခန့်ခွဲရေးကော်မရှင်က အဆိုပါ ၅ နိုင်ငံအား ထပ်မံတန်ပြန်အခွန်ကောက်ခံနိုင်ရန် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေမှုသည် မကြာခင်ကာလတွင်ပြီးဆုံးမည်ဖြစ်ကြောင်း၊ တောင်အာဖရိကနိုင်ငံသည် တစ်နှစ်ပတ်လုံး ကြက်သားတင်သွင်းမှုတန်ချိန်ပေါင်း ၃၂၈,၀၀၀ တန်မှ ဘရာဇီးလ်နိုင်ငံအပေါ် ၆၇ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံအပေါ် ၁၆ ရာခိုင်နှုန်း၊ EU အပေါ် ၈.၃ ရာခိုင်နှုန်းနှင့် အာဂျင်တီးနားအပေါ် ၅ ရာခိုင်နှုန်း အသီးသီးကောက်ခံခဲ့ကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံအစိုးရသည် ၂၀၂၀ ပြည့်နှစ်တွင်း အကောက်ခွန်ကောက်ခံမှုကို အရိုးပါအေးခဲကြက်သားအား ၃၇ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းနှင့် အရိုးမပါအေးခဲ ကြက်သားအား ၁၂ ရာခိုင်နှုန်းမှ ၄၂ ရာခိုင်နှုန်းကောက်ခံခဲ့ကြောင်း၊ သို့သော် ဘရာဇီးလ်နိုင်ငံ၏ ကြက်သားတင်သွင်းမှုအတွက် အကောက်ခွန် ၆ ရာခိုင်နှုန်းမှ ၂၆၅ ရာခိုင် နှုန်း၊ ဒိန်းမတ်နိုင်ငံအတွက် ၃၉ ရာခိုင်နှုန်းမှ ၆၇.၄ ရာခိုင်နှုန်း၊ အိုင်ယာလန်နိုင်ငံအတွက် ၁၅၈.၄၂ ရာခိုင်နှုန်း၊ ပိုလန်နိုင်ငံအတွက် ၅ ရာခိုင်နှုန်းမှ ၉၆.၉ ရာခိုင်နှုန်းနှင့် စပိန် နိုင်ငံအတွက် ၃ ရာခိုင်နှုန်းမှ ၈၅.၈ ရာခိုင်နှုန်းခွဲခြားကောက်ခံခဲ့ကြောင်း၊ တောင်အာဖရိကနိုင်ငံ ကြက်သားလုပ်ငန်းအဖွဲ့အစည်းက အဆိုပါနိုင်ငံများမှ အရိုးပါကြက်သား တင်သွင်းမှုသည် ပြီးခဲ့သောနှစ်များအတွင်း တင်သွင်းမှုစုစုပေါင်း၏ ထက်ဝက်ကျော်ရှိခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါနိုင်ငံများအတွက် စုပုံတင်သွင်းမှုအခွန်ကောက်ခံရန် စုံစမ်းစစ်ဆေးဆောင်ရွက်ရန်လိုအပ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံအစိုးရအနေဖြင့် မညီမျှမှုနှင့် တရားမဝင်တင်သွင်းမှုများကိုကာကွယ်ရန် ကြက်ငှက်မွေးမြူရေးလုပ်ငန်း master plan တွင် ကတိကဝတ်ပြုထားကြောင်း၊ ထို့သို့ဆောင်ရွက်မှသာ ကြက်ငှက်လုပ်ငန်းနှင့် ကြက်သားတင်သွင်းသူများအနေဖြင့် ပြည်ပမှ ကြက်သား လျှော့နည်းစွာတင်သွင်း၍ ပြည်တွင်းလုပ်ငန်းချဲ့ထွင်နိုင် ရန်နှင့် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** http://www.fruitnet.com/eurofruit/article/187257/anxious-times-for-rsa-citrus

**ကျော်ဆန်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ပရီတိုးရီးယားမြို့-တောင်အာဖရိက)**

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အိန္ဒိယနိုင်ငံ၏ အယူခံတင်သွင်းမှုကို ဩစတေးလျနိုင်ငံက ကန့်ကွက်

အိန္ဒိယနိုင်ငံတွင် ပြည်တွင်းရှိ ကြံနှင့်သကြား စိုက်ပျိုးထုတ်လုပ်တင်ပို့သူများသို့ အစိုးရ၏အထောက်အပံ့များ ပေးအပ်မှုနှင့်စပ်လျဉ်း၍ ဩစတေးလျ၊ ဘရာဇီးနှင့်ဂွာတီမာလာနိုင်ငံများက ၂၀၁၉ ခုနှစ်၌ တိုင်ကြားထားရှိမှုအပေါ် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်ရေး အငြင်းပွားမှုဖြေရှင်းရေး ခုံရုံးက ၁၄-၁၂-၂၀၂၁ နေ့တွင် စစ်ဆေးချက်အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအစီရင်ခံစာ၌ အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုအတွက် အနိမ့်ဆုံးထားရှိဝယ်ယူရမည့် ဈေးနှုန်း သတ်မှတ်ချက်သည် ပြည်တွင်းထုတ်ကုန်အပေါ် သီးခြားထောက်ပံ့မှုဆိုင်ရာ သက်သာခွင့်၌ အကျုံးဝင်ခြင်းမရှိကြောင်း၊ သကြားထုတ်လုပ်မှုနယ်ပယ်၌ ပေးအပ်ထားရှိသော အထောက်အပံ့ပမာဏသည် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး၏ ၁၀% ထက်ကျော်လွန်လျက်ရှိရာ WTO ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတူညီချက် (Agreement on Agriculture) ပါ လိုက်နာရမည့် အချက်များနှင့် ကိုက်ညီမှုမရှိကြောင်း၊ အိန္ဒိယ၏ ကြံနှင့်သကြား စိုက်ပျိုးထုတ်လုပ်မှု၊ အရန်ထားရှိမှု၊ ဈေးကွက်တင်ရောင်းချမှုနှင့် သယ်ယူပို့ဆောင်မှုဆိုင်ရာ ကူညီပံ့ပိုးရေး အစီအစဉ်သည် ပို့ကုန်ဆိုင်ရာ အမတော်ကြေး ထောက်ပံ့မှုပင်ဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံအနေဖြင့် ယခုအစီရင်ခံစာအား လက်ခံအတည်ပြုသည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်း အဆိုပါအစီအစဉ်ကို ပြန်လည်ရုတ်သိမ်းရန် လိုအပ်မည်ဟု ထောက်ခံအကြံပြု ကြောင်း ဖော်ပြခဲ့ပါသည်။

WTO ခုံရုံး၏ အစီရင်ခံစာပါ တွေ့ရှိချက်များသည် သကြားထုတ်လုပ်တင်ပို့သူများသို့ ပေးအပ်မည့် ပြည်တွင်းထောက်ပံ့မှုအစီအစဉ်နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ လွဲမှားမှုများရှိနေပြီး လက်ခံနိုင်ဖွယ်မရှိဟုဖော်ပြလျက် အိန္ဒိယနိုင်ငံက အယူခံတင်သွင်းခဲ့ကြောင်းကို ၁၁-၁-၂၀၂၂ နေ့တွင် WTO က အဖွဲ့ဝင်နိုင်ငံများသို့ လည့်လည်စာဖြန့်ဝေပေးပို့ခဲ့ပါသည်။

လက်ရှိကာလတွင် WTO ၏ အယူခံခုံရုံး၌ အဖွဲ့ဝင်တရားသူကြီးအဖြစ် ပါဝင်မည့်ပုဂ္ဂိုလ်များ ခန့်အပ်ရေးနှင့်ပတ်သက်၍ သဘောတူညီချက်မရရှိသေးသဖြင့် အိန္ဒိယ၏အယူခံဝင်မှုကို ကြားနာဆောင်ရွက်ရေးမှာ ကြန့်ကြာနေမည့်အခြေအနေရှိပါသည်။ သို့ရာတွင် WTO ၏ ကုန်သွယ်ရေးသဘောတူညီချက်များအပေါ် ၎င်း၏အဓိပ္ပါယ်ဖွင့်ဆိုမှုကို ထောက်ခံပေးရန် အိန္ဒိယက အချေတင်သွင်းမှုမှာ အဆိုပါ သဘောတူညီချက်များပါ စာသား၊ ရည်ရွယ်ချက်၊ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာတို့နှင့် ကိုက်ညီခြင်းမရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ကုန်သွယ်ရေးသဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များ၏ တစ်စိတ်တစ်ဒေသကိုသာ သီးခြားကောက်နှုတ် ရှုမြင်ခြင်းဖြစ်ကြောင်း ဖော်ပြလျက် WTO ၏ အယူခံခုံရုံး၌ လုပ်ငန်းများစတင်သည့်အခါ အိန္ဒိယ၏ ယခု အယူခံတင်သွင်းမှုကို ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဩစတေးလျနိုင်ငံဘက်မှ ပြောဆိုခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀ သကြားဈေးကွက်ရာသီနှစ် (အောက်တိုဘာလမှ နောက်နှစ် စက်တင်ဘာလထိ) အတွင်း သကြား ၁ တန်လျှင် တစ်လုံးတစ်ခဲတည်း ပို့ကုန်ထောက်ပံ့ကြေး ရူပီးငွေ ၁၀၄၄၈ နှုန်းဖြင့် ပြည်တွင်းလုပ်ငန်းရှင်များသို့ ပံ့ပိုးပေးခဲ့သည်။ အဆိုပါနှစ်၌ ပြည်ပသို့သကြားတင်ပို့ရန် တန်ချိန် ၆ သန်းလျာထားချက်အပေါ် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တန်ချိန် ၅.၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၂၀-၂၁ သကြားဈေးကွက်ရာသီနှစ်တွင် ပြည်ပတင်ပို့မှုမှာ ၂၀% တိုးတက်လျက် သကြားတန်ချိန် ၇.၁ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

Source: -

1. Australia slams India's appeal at WTO against adverse panel ruling on sugar, 16-1-2022, The Hindu Business Line

2. India appeals against WTO dispute panel ruling on sugar export subsidies at appellate body, 2-1-2022, The Tribune India

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ခရိုအေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရန်အတွက် ခရိုအေးရှား ကူနာငွေ HRK (၇၇) သန်းသုံးစွဲသွားမည်

ခရိုအေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြည်တွင်းထုတ်လုပ်မှု တိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းလမ်းသို့ ကူးပြောင်းနိုင်စေရေး ခရိုအေးရှားကူနာငွေ (HRK) ၇၇ သန်း ရင်းနှီးမြှုပ်နှံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရိုအေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မည့်အလားအလာရှိကြောင်းနှင့် စိုက်ပျိုးရေးကဏ္ဍအား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရေးကို ခရိုအေးရှားနိုင်ငံ၏ အမျိုးသားပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးအစီအမံ (National Recovery and Resilience Plan) တွင် ထည့်သွင်းထားကြောင်း ခရိုအေးရှား စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Marija Vučković က ပြောကြားပါသည်။

အဆိုပါ HRK (၇၇) သန်းတွင် အစိုးရဝန်ဆောင်မှုလုပ်ငန်းများအား ဒစ်ဂျစ်တယ်ပုံစံပြု လုပ်ခြင်းအတွက် (၁၄) သန်း၊ Smart Agriculture အတွက် (၅၀) သန်းနှင့် field-to-table စီမံကိန်းအတွက် (၁၃) သန်း အသုံးပြုသွားမည်ဟု သိရပါသည်။

ခရိုအေးရှားနိုင်ငံ၏ မိသားစုပိုင်လယ်ယာလုပ်ငန်းများ၌ အသက်ကြီးသူများကသာ အဓိကဆောင်ရွက်နေသဖြင့် ဒစ်ဂျစ်တယ်ပုံစံကူးပြောင်းဆောင်ရွက်ခြင်းဖြင့် ၎င်းလုပ်ငန်းတွင် လူငယ်လူရွယ်များ ပိုမိုပါဝင်လာစေရေးလှုံ့ဆော်ရန် လိုအပ်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းသို့ ကူးပြောင်းခြင်းဖြင့် အချို့လုပ်ငန်းနယ်ပယ်များ၌ လုပ်သားရှားပါးမှု ပြဿနာကိုလည်း တစ်စိတ်တစ်ပိုင်းဖြေရှင်းနိုင်ရန် ရည်ရွယ်ကြောင်းသိရှိရပါသည်။

ထိရောက်မှုရှိသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်စေရေးနှင့် ယင်းကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းတို့သည် ဒစ်ဂျစ်တယ်နည်းလမ်းအပေါ်တွင် မှီတည်နေကြောင်း၊ ဒစ်ဂျစ်တယ်ပုံစံဆောင်ရွက်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းဖြင့် အရည်အသွေးမြင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်းကို အကျိုးပြုနိုင်စေမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ခရိုအေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပို၍ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ပါဝင်ပတ်သက်နေသည့် stakeholders များအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသ လူမှုအသိုက်အဝန်းရှိ stakeholders အားလုံးကို

ဒစ်ဂျစ်တယ်နည်းဖြင့် စိုက်ပျိုးရေးစနစ်အား စတင်လေ့လာနိုင်စေရေး သင်ကြားပေးရန်လိုအပ်နေကြောင်း သိရှိရပါသည်။

Source: https://www.total-croatia-news.com/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## STOCK EXCHANGE (20.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 901 | 7,388,200 | 33,109,694 | 271,499 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 8 | 25,200 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,600 | 2,650 | 2,600 | 111 | 294,100 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1 | 2,850 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 11 | 59,400 | 10,497,598 | 56,687 |

### Market summary

As of 20th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.55 | -0.37 | -0.10% | 387.18 | 387.55 | 387.18 | 1,032 | 7,769,750 | 7 | 674,183 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 20th Jan. 2022

| MYANPIX | 387.55 ▼ 0.37 |
|---|---|
| Total Volume (shares) | 1,032 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,183 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▼ 50 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |